# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၆)

## သံဃာတော်တွေ အပေါ် ဆက်လက်ဖိနှိပ်မှုကို တရားဝင် လုပ်ခွင့် ပေးမယ့် နအဖရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ

၂၀၀၈ ခုနှစ် စက်တဘ်ာလဟာ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီး တကမ္ဘာလုံးကို ပြန်လည်နိုးကြားလာစေတဲ့ သံဃာတော်တွေဦးဆောင်တဲ့ လူထုလှုပ်ရှားမှုကြီး တနှစ်ပြည့်မြောက်တဲ့ လ ပါ။ လူထုဆန္ဒပြမှုတွေ ဖြစ်ပွား တာဟာ မိမိအာဏာတည်မြဲရေးကို အကြီးအကျယ် ခြိမ်းခြောက်မှုန်း နအဖ ကောင်းကောင်းသိပါတယ်။ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီးဖြစ်ခဲ့စဉ်တုံးက မြို့တော်ရန်ကုန်မှာ အခြေခံလူထုတွေသာမက အစိုးရဝန်ထမ်းတွေပါ ပါဝင်ခဲ့တာကြောင့် အုပ်ချုပ်ရေးယန္တယားတခုလုံး ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ရတာကိုး။ ရန်ကုန်ကနေဆုတ်ခွာပြီး နေပြည်တော်ကို မြို့တော်အဖြစ်ပြောင်းလဲ တည်ဆောက်တဲ့ နအဖရဲ့အဓိကမဟာဗျူဟာ ရည်မှန်းချက်ကတော့ ရန်ကုန်မှာ ဘယ်လိုဘဲ လူထုဆန္ဒပြပွဲတွေ ဖြစ်နေပါစေ စစ်အာဏာရှင်တစုအနေနဲ့ နေပြည်တော်မှာ အန္တရယ်ကင်းကင်း ရပ်တည်ရှင်သန်နိုင်စေဘို့ပါဘဲ။

ဒါကြောင့်လဲ ကမ္ဘာတခွင် ဆက်သွယ်ဆောင်ရွက်တဲ့ ခေတ်ကြီးမှာ ရန်ကုန်မြို့ကြီးဟာ နိုင်ငံတကာနဲ့ အဆက်အသွယ် အင်မတန်ကောင်းကြောင်း သိသိကြီးနဲ့ ဝေးလံသီခေါင်တဲ့အရပ်ကိုရွှေ့ပြီး နေပြည်တော်ကိုတည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။

အဓိက အုပ်ချုပ်မှုယန္တယားကို နေပြည်တော်ကနေ ရွှေ့လိုက်ပေမယ့် ရန်ကုန်မြို့ကြီးနဲ့ အနီးတဝိုက်မှာရှိတဲ့ လူထုတွေရဲ့စွမ်းအားကို လွှတ်မထားရဲသေးဘူး။ တင်းတင်းကြပ်ကြပ် ကိုင်ထားဘို့လိုတာကြောင့် ရန်ကုန်မြို့ကြီးကို ပြည်နယ်၊ တိုင်း တခုခုအောက်မှာတောင် တဆင့်ခံအဖြစ် မထားရှိဘဲ၊ အုပ်ချုပ်ရေးအာဏာကို အပြည့်အဝကျင့်သုံးတဲ့ သမတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိဘို့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၀ (က) မှာ အောက်ပါ အတိုင်းပြဋ္ဌာန်းထားတယ်။

> နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ်သတ်မှတ်သည်။

ဆက်ပြီး လေ့လာကြည့်ဆိုရင် သမတ ဟာ ကာကွယ်ရေးဦးစီးချုပ်အပါအဝင် လက်ရှိ တပ်ကိုကိုင်ထားတဲ့ စစ်ဗိုလ်တစုရဲ့ ကြီးကြပ်မှု အောက်ကနေပြီးတော့သာ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရမှာဖြစ်ကြောင်း တွေ့ရပေလိမ့်မယ်။ အဲဒီအချက်ကို ဖွဲ့စည်းပုံအခန်း (၅) အုပ်ချုပ်ရေးကဏ္ဍ ပုဒ်မ ၂၀၁ မှာ ပြဋ္ဌာန်းထားတာပါ။ အဲဒီ ပြဋ္ဌာန်းချက်အရ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီလို့ အမည်တပ်ထားတဲ့ တရားဝင်စစ်ကောင်စီမှာ သမတကို ထည့်သွင်း ဖွဲ့စည်းပေးထားတယ် ဆိုတာရယ်၊ တိုင်းပြည်ရဲ့ အခြားအာဏာပိုင် အဆောက်အအုံတွေက သမတ အပေါ် ကြီးကြပ်ခွင့်မရှိဘဲ၊ စစ်ကောင်စီကသာ သမတကို ကြီးကြပ်သွားမယ်ဆိုတာတွေ ရယ်ကို၊ အထင်အရှားတွေ့ရပါတယ်။

အဲဒီ စစ်ကောင်စီကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ ထားရှိ လည်ပတ်မယ်ဆိုတဲ့ အချက်ကို အတုအယောင် အမျိုးသားညီလာခံရဲ့ ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူတွေမှာ ထည့်သွင်းထားခဲ့ခြင်း မရှိဘူး။ အခြေခံမူတွေကနေ ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြောင်းလဲရေးသားတဲ့ အခါကျမှသာ ဒီ ပြဋ္ဌာန်းချက်ကို နအဖက လုပ်ကြံပြီး ထည့်သွင်းလိုက်တာ ဖြစ်ပါတယ်။ ဒီလို ပြဋ္ဌာန်းချက်မျိုးဟာ ကမ္ဘာပေါ်ရှိ သမတ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးတဲ့ ဘယ်နိုင်ငံမှာ မှ မရှိပါဘူး။ မြန်မာနိုင်ငံမှာလည်း ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ သမတဦးဆောင်တဲ့ စနစ်ကိုကျင့်သုံး ခဲ့ဘူးပါတယ်။ ဒါပေမယ့် သမတကို စစ်ကောင်စီရဲ့ အစိပ်အပိုင်းတရပ်အဖြစ်ထားပြီး ကြီးကြပ်ခံ သွားရမယ့် အနေအထားမျိုးကို ဖေါ်ဆောင်တာ လုံးဝမရှိခဲ့ဘူး။

တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ တရားဝင်ကျင့်သုံးသွားမယ့် အဲဒီ စစ်ကောင်စီမှာ အဖွဲ့ဝင် (၁၁) ဦးရှိပါတယ်။ အဲဒီ (၁၁) ဦးအနက် ခြောက်ဦးဟာ ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့၊ တာဝန်ထမ်းဆောင်ဆဲ စစ်ခေါင်းဆောင်တွေဖြစ်တယ်။ ဒါကြောင့် အဲဒီစစ်ကောင်စီမှာ မဲခွဲဆုံးဖြတ်တဲ့ အခါတိုင်းမှာ၊

နေရာအများစုယူထားတဲ့ ကာကွယ်ရေးဦးစီးချုပ်နဲ့ သူ့ရဲ့စစ်ခေါင်းဆောင်တွေကို သမတ အနေနဲ့ ဘယ်လိုမှ လှန်လို့ရမယ့်အခြေအနေမရှိနိုင်ဘူးဆိုတာ ရှင်းနေတဲ့အချက်ပါ။

ချုပ်ပြီး တင်ပြရရင် ရန်ကုန်မြို့ကြီးမှာ လူထုဆန္ဒပြပွဲကြီးတွေ ထပ်မံဖြစ်ပွားလာမယ်ဆိုရင် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုတဲ့ စစ်ကောင်စီကနေ တိုက်ရိုက်ကိုင်တွယ်သွားမှာ အသေအချာဖြစ်တယ်။ သမတဟာ စစ်ကောင်စီကိုနာခံပြီး ကာကွယ်ရေးဦးစီးချုပ်ကပေးတဲ့ အမိန့်အတိုင်း လူထုလှုပ်ရှားမှုကြီးတွေကို ဖိနှိပ်သွားနိုင်ဘို့ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားတာပါဘဲ။

လူထုလှုပ်ရှားမှုကြီး သည့်ထက်အားကောင်းလာပြီး စစ်အုပ်စုရဲ့ အုပ်ချုပ်မှုအာဏာကို ခြိမ်းခြောက်မယ့်အနေ အထားမျိုးရောက်လာမယ်၊ ပစ်ခတ်သတ်ဖြတ်ဘို့ လိုအပ်လာမယ်ဆိုရင် တိုင်းပြည်မှာ အရေးပေါ်အခြေအနေ ထပ်မံကြေငြာပြီး ကာကွယ်ရေးဦးစီးချုပ်နဲ့ စစ်ဗိုလ်တစုကို လူသတ်လိုင်စင်ချပေးမယ့် ဖွဲ့စည်းပုံလည်း ဖြစ်ပါတယ်။

ထိုင်းနိုင်ငံ အခြေအနေနဲ့ နှိုင်းယှဉ်လေ့လာကြည့်ပါ။ ထိုင်းအစိုးရဟာ စက်တဘ်ာလ (၂) ရက်နေ့ ကနေ (၁၄) ရက် အထိ ၁၂ ရက်တာ အရေးပေါ် အခြေအနေကြေငြာပြီး အုပ်ချုပ်ခဲ့တယ်။ အရေးပေါ်အခြေအနေ ကြေငြာပေမယ့် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အာမခံချက်ပေးပြီး ပြဌာန်းထားတဲ့ လူထုရဲ့အခြေခံအခွင့်အရေးတွေကို ချိုးဖေါက်သွားမှာမဟုတ်၊ ငြိမ်းချမ်းစွာ ဆန္ဒပြနေကြတဲ့ လူထုဆန္ဒပြပွဲတွေကို အကြမ်းဘက် နှိမ်နှင်းသွားမှာ မဟုတ်ဘူးလို့ ထိုင်းနိုင်ငံရဲ့ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အနုပ္ပန်က ကမ္ဘာသိ ထုတ်ဖေါ်ပြောဆိုခဲ့ပါတယ်။ လက်တွေ့မှာလဲ အရေးပေါ်အခြေအနေအောက်မှာ ဖြစ်ပေမယ့် ထိုင်းစစ်တပ်ဟာ ဆန္ဒပြလူထုအပေါ်မှာ ဘာအကြမ်းဘက်မှု တခုတလေမှ ကျူးလွန်ခဲ့တာမရှိဘူး။

တောင်ကိုရီးယားနိုင်ငံမှာလည်း ထိုနည်း အတူပါဘဲ။ အမေရိကန်ပြည်ထောင်စုက အမဲသားတင်သွင်းတဲ့ ကိစ္စကိုမကြေနပ်လို့ လူထုတွေ သိန်းနဲ့ချီပြီး ဆန္ဒပြခဲ့ကြတယ်။ အဲဒါပြီးတဲ့နောက်ပိုင်းမှာလည်း ဗုဒ္ဓဘာသာကို အလေးထားဘို့ ဘုန်းတော်ကြီးတွေ အင်နဲ့အားနဲ့ ချီပြီး ဆန္ဒပြခဲ့ကြပြန်ပါတယ်။ တောင်ကိုရီးယားအစိုးရဟာ လုံထိမ်းရဲတွေ အကူအညီနဲ့ ဖြိုခွဲဘို့ကြိုးစားခဲ့တာရှိပေမယ့် သူ့လူထုကို စစ်တပ်အင်အားသုံးပြီး ပစ်ခတ်သတ်ဖြတ်ခဲ့တာ မရှိဘူး။ ထိုင်း၊ တောင်ကိုရီးယားစတဲ့နိုင်ငံတွေဟာ ဒီမိုကရေစီ ပြည့်ပြည့်ဝဝကျင့်သုံးတဲ့နိုင်ငံတွေ အဆင့်မရောက်သေးဘဲ ဒီမိုကရေစီ လမ်းကြောင်းကို လျှောက်လှမ်းဆဲနိုင်ငံတွေသာ ဖြစ်ပါသေးတယ်။ ဒါတောင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ တွေမှာ လူထုရဲ့အခြေခံလွတ်လပ်ခွင့်တွေကို အာမခံချက်ပေးထားသလို သူတို့အစိုးရတွေကလည်း သူတို့လူထု ရဲ့အခွင့်အရေးတွေကို လေးစားလိုက်နာမှု ပြသပြီး အုပ်ချုပ်ကြတယ်။

တောင်ကိုရီးယား သမတ နိုင်ငံရဲ့ (၁၉၈၇) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၁) မှာ ( လူထုရဲ့ အခြေခံလွတ်လပ်ခွင့်တွေအပေါ် ဘယ်လို အကန့်အသတ်မျိုးမှ မထည့်သွင်းဘဲ) အောက်ပါအတိုင်း ရိုးရိုးပြဌာန်းထားပါတယ်။

နိုင်ငံသားတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စည်းရုံးစုဝေးခွင့် နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့် ရှိသည်။

မြန်မာနိုင်ငံမှာတော့ နအဖရဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ လူထုရဲ့ လွတ်လပ်စွာစည်းရုံးခွင့်၊ စုဝေးခွင့်၊ ဆန္ဒပြခွင့်စတဲ့ အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို ပေးထားတာ မရှိပါဘူး။ တောင်ကိုရီးယား၊ ထိုင်းစတဲ့ နိုင်ငံတွေနဲ့ ပြောင်းပြန်ဖြစ်ပါတယ်။ ဒါကြောင့် နအဖရဲ့ ဖွဲ့စည်းပုံကို ကိုးကားပြီး လူထုကိုစည်းရုံးဘို့၊ စုဝေးဘို့၊ ဆန္ဒပြမှုတွေလုပ်ဘို့ ဆိုတာ စိတ်ကူးတောင်ယဉ်လို့ မရနိုင်ပါဘူး။ ဖွဲ့စည်းပုံထဲမှာ ပေးမထားတဲ့ အခွင့်အရေးတွေကို တောင် အရေးပေါ်အခြေအနေဖြစ်လာရင် ထပ်မံကန့်သတ်ဦးမယ်လို့ ဆိုထားပါတယ်။ အောက်ပါ ပြဌာန်းချက်ကို လေ့လာ ကြည့်ပါ။

ပုဒ်မ ၄၂၀။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အရေးပေါ်အခြေအနေ ကြေငြာထားစဉ်ကာလ အတွင်း လိုအပ်သည့်နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး တရပ်ရပ်ကို ဖြစ်စေ၊ တရပ်ထက် ပို၍ဖြစ်စေ၊ လိုအပ်သလို ကန့်သတ်နိုင်သည်။ ရပ်ဆိုင်းထားနိုင်သည်။

ရာမဇာတ်တော်ထဲမှာ ပေါင်ပေါ်မှာ အိပ်ပျော်နေတဲ့ ညီတော်မောင် လက္ခဏာ နိုးသွားမှာစိုးလို့ ကိုယ့်ပေါင်ပေါ်မှာ မှက်ခြင်ကြီးတကောင်ကိုက်ပြီး သွေးစိမ်းစိမ်းကျနေတာတောင် မရိုက်ရက်ဘဲ ငုတ်တုတ်ငြိမ်ခံနေတဲ့ ညီအစ်ကိုနှစ်ယောက်ရဲ့ ချစ်ခြင်းကိုကြည့်ပြီး သုကျိတ်မြောက်မင်း မျက်ရည်ကျရတဲ့အဖြစ်ကို မှတ်မိကြမှာပါ။

ထိုင်းနိုင်ငံမှာ လူထုဆန္ဒပြပွဲတွေဖြစ်ပြီးနောက်ပိုင်း ဝန်ကြီးချုပ် ဆမတ်ပြုတ်ကျ၊ ဝန်ကြီးချုပ်အသစ် ဆွမ်ချိုင်း တက်လာပါတယ်။ လူထုဒီမိုကရေစီတပ်ပေါင်းစုကလည်း အစိုးရဌာနချုပ်ရုံးကိုဆက်သိမ်းပြီး ဆွမ်ချိုင်းအစိုးရကို ဆက်လက် ဆန္ဒပြကြတုံးပါဘဲ။ အဲဒီ နိုင်ငံရေးအကြပ်အတည်းကို ငြိမ်းငြိမ်းချမ်းချမ်းပြေပြေလည်လည် ဖြေရှင်းနိုင်ဘို့ သံဃာတော်တွေကို အကူအညီတောင်းသင့်တယ်လို့ ဆွမ်ချိုင်းရဲ့ပါတီက ခေါင်းဆောင်တဦးဖြစ်တဲ့ ယောင်ယွတ်က အဆိုတင် ပါတယ်။ ဆွမ်ချိုင်း အစိုးရကို ဆက်လက်ဆန့်ကျင်ဆန္ဒပြနေကြတဲ့ လူထုဒီမိုကရေစီ တပ်ပေါင်းစုကလည်း သူတို့ရဲ့ တရားဟောစင်မြင့်ပေါ်မှာ သံဃာတော်တွေကိုတင်ပေးပြီး ဟောပြောဆုံးမမှုတွေကို လေးလေးစားစားနာယူကြတာ တွေ့ရပါတယ်။ ထိုင်းနိုင်ငံမှာ အစိုးရရော လူထုကပါ သံဃာတော်တွေကိုသည်လို လေးစားတန်ဘိုးထားကြတာပါ။

မြန်မာနိုင်ငံမှာတော့ လူထုအများက လေးစားကြည်ညိုတဲ့ သံဃာတော်တွေဟာ အစိုးရနေရာမှာတက်ယူနေတဲ့ စစ်ခေါင်းဆောင်တစုနဲ့ သူတို့လက်ပါးစေတွေရဲ့ ဖိနှိပ်ရက်စက်မှုတွေကြောင့် အသက်ဘေးက လွတ်ရာလွတ်ကြောင်းပြေးလွှား ပုန်းရှောင်နေကြရဆဲအဖြစ်ကို ရင်နင့်စဘွယ် တွေ့နေရဆဲပါ။

၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးဖြစ်ပေမယ့် အလားတူ သံဃာ့လှုပ်ရှားမှုကြီးမျိုးနောင်မှာ ထပ်ပြီးပေါ်လာဦးမယ်ဆိုရင်လည်း အဲဒီ ဖွဲ့စည်းပုံက ဘာမှအကာအကွယ်ပေးနိုင်မှာ မဟုတ်ပါဘူး။ အရေးပေါ်အခြေအနေ ကြေငြာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူပြုတဲ့ စစ်ခေါင်းဆောင်တစုက သံဃာတော်တွေနဲ့ လူထုတွေအပေါ် သတ်ခြင်သလိုသတ်၊ ပြစ်မှုတွေ စိတ်ထင်တိုင်းကျူးလွန်ခြင်သလို ကျူးလွန်ကြမှာတွေကို တရားဝင် အတည်ပြုချက်ပေးရာရောက်မယ့် ဖွဲ့စည်းပုံသာဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။